# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဂျော်ဒန်နိုင်ငံ)

ယန်ယန်

## နိဒါန်း

ဂျော်ဒန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် တည်ရှိပြီး အရှေ့ဘက်နှင့် တောင်ဘက်တွင် ဆော်ဒီအာရေဗျ၊ အရှေ့မြောက်ဘက်တွင် အီရတ်၊ မြောက်ဘက်တွင် ဆီးရီးယား၊ အနောက်ဘက်တွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ စုစုပေါင်းဧရိယာ စတုရန်းကီလိုမီတာ ၈၉၃၄၁ (၃၄၄၉၅ စတုရန်းမိုင်)ကျယ်ဝန်းပြီး မြို့တော်အမ္မန်(Amman) မှာ ဂျော်ဒန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်ပြီး စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အချက်အချာကျသောမြို့လည်းဖြစ်သည်။ ၂၀၂၁ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ စုစုပေါင်းမှာ ၁၁ သန်းခန့်ရှိ၍ အများစုမှာ ဆွန်နီမွတ်စလင် (Sunni Muslims) လူမျိုးများဖြစ်ပြီး လူနည်းစုမှာ ခရစ်ယာန်ဘာသာဝင် (Christians) လူမျိုးများဖြစ်ကြသည်။ အာရပ်နိုင်ငံများထဲမှ ၁၁ ခုမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ တစ်သန်းကျော်မှာ အမ္မန် (Amman) မြို့တော်တွင် နေထိုင်ကြသည်။ ဘုရင်မှ ခန့်အပ်ထားသည့် အုပ်ချုပ်ရေးမှူးများဦးဆောင်သည့် ပြည်နယ် ၁၂ ပြည်နယ်နှင့် ယင်းအောက်တွင် ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်၊ မြို့၊ ရွာများဖြင့် ဖွဲ့စည်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဂျော်ဒန်နိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ဘုရင်ထံတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစသည့် အာဏာ သုံးရပ်ရှိသည်။ ဘုရင်သည် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ပြီး ၎င်းခန့်အပ်ထားသော အစိုးရမှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ မူဝါဒများကို ရေးဆွဲပြဋ္ဌာန်းသည်။

## အုပ်ချုပ်ရေး

ဂျော်ဒန်နိုင်ငံသည် စည်းမျဉ်းခံဘုရင်အုပ်ချုပ်သော နိုင်ငံဖြစ်သည့်အတွက် အုပ်ချုပ်ရေးအာဏာမှာ ဘုရင်ထံတွင်ရှိသည်။ ဘုရင်သည် နိုင်ငံအကြီးအကဲဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သည်။ ဘုရင်မှ စစ်နှင့်ငြိမ်းချမ်းရေးကို ကြေညာနိုင်ပြီး ဥပဒေနှင့် စာချုပ်စာတမ်းများကို အတည်ပြုခြင်း၊ လွှတ်တော်အစည်းအဝေးများကို ခေါ်ယူခြင်း၊ ရပ်စဲခြင်း၊ ရွေးကောက်ပွဲများ ကျင်းပခြင်းနှင့် ရွှေ့ဆိုင်းခြင်း၊ အစိုးရကိုဖြုတ်ချခြင်းနှင့် လွှတ်တော်ကိုဖျက်သိမ်းခြင်းတို့ပြုနိုင်သည်။ ဘုရင်သည် ဝန်ကြီးချုပ်အား ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး ဝန်ကြီးချုပ်၏ထောက်ခံချက်ဖြင့် ဝန်ကြီးများအား ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း တို့ကိုလည်း ဆောင်ရွက်နိုင်သည်။ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုလည်း ခန့်အပ်ခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း ပြုနိုင်သည်။

## တရားစီရင်ရေး

တရားရုံးများသည် မည်သည့်အာဏာမှ လွှမ်းမိုးမှုမရှိသော လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ တရားမတရားသူကြီးနှင့် ရှရီယာတရားသူကြီးများ(Judges of the Civil and Sharia Courts)ကို ဘုရင်မှ ခန့်အပ်နိုင်သလို ရာထူးမှလည်း ထုတ်ပယ်နိုင်သည်။ တရားရုံးများကို တရားမတရားရုံး (Civil Court)၊ ဘာသာရေးတရားရုံး (Religious Court)နှင့် အထူးတရားရုံး (Special Court)ဟူ၍ သုံးမျိုးခွဲခြားထားပါသည်။ တရားမတရားရုံးတွင် တရားမမှုနှင့် အစိုးရဆန့်ကျင်သော အမှုကိစ္စများပါဝင်သည့် ရာဇဝတ်မှုများကို ကိုင်တွယ်သည်။ တရားမတရားရုံးတွင် ရာဇဝတ်တရားရုံး၊ ရှေ့ဆောင်တရားရုံး၊ အယူခံတရားရုံး၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြားနာသည့် အုပ်ချုပ်မှုဆိုင်ရာ တရားရုံးနှင့် ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးတို့ ပါဝင်သည်။ အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ထားသော်လည်း ပုဂ္ဂလိကလွတ်လပ်ခွင့်နှင့် ဘာသာရေးလွတ်လပ်ခွင့်အား အသိအမှတ်ပြုထားသည်။ ဘာသာရေးတရားရုံးတွင် ကွာရှင်းပြတ်စဲခြင်းနှင့် အမွေဆက်ခံခြင်းကဲ့သို့သော ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များအား အရေးယူဆောင်ရွက်ပြီး အစ္စလာမ်ရှရီယာဥပဒေ (Islamic Sharia Law)ပေါ်တွင်လည်း တစ်စိတ်တစ်ဒေသ မူတည်သည်။ အထူးတရားရုံးသည် တရားမတရားရုံးဘက်မှ တင်ပြလာသော အမှုကိစ္စများကို ကိုင်တွယ်ဖြေရှင်းသည်။




ဂျော်ဒန်နိုင်ငံ၏တည်နေရာပြမြေပုံ။

## ဥပဒေပြုရေး

ဂျော်ဒန်နိုင်ငံတွင် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (The House of Representatives) ဟူ၍ လွှတ်တော် နှစ်ရပ်ရှိပါသည်။ အထက်လွှတ်တော်(Senate)ကို ဘုရင်မှ ခန့်အပ်ပြီး အောက်လွှတ်တော် (The House of Representatives) ရွေးကောက်ပွဲများကို လွတ်လပ်သောရွေးကောက်ပွဲကော်မရှင် (Independent Election Commission – IEC) မှ လေးနှစ်လျှင် တစ်ကြိမ် ကျင်းပပါသည်။ ဘုရင်သည် လွှတ်တော်ကို ဖျက်သိမ်းခွင့်ရှိသောကြောင့် အောက်လွှတ်တော်အား ဘုရင်မှဖျက်သိမ်းခဲ့ပါက အထက်လွှတ်တော်၏ ကဏ္ဍသည်လည်း ခေတ္တရပ်ဆိုင်းထားရမည်ဖြစ်သည်။

## ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲအမျိုးအစားနှင့် ရွေးကောက်ပွဲများ

ဂျော်ဒန်နိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများနှင့် ဒေသန္တရရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။ ဂျော်ဒန်နိုင်ငံတွင် လွှတ်တော်နှစ်ရပ်ရှိပြီး အထက်လွှတ်တော်အား ဘုရင်မှတိုက်ရိုက်ခန့်အပ်၍ အောက်လွှတ်တော်အား PR စနစ် ဖြင့် ရွေးကောက်တင်မြှောက်ကြသည်။ လွတ်လပ်သောရွေးကောက်ပွဲကော်မရှင်ကို၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ယင်းကော်မရှင် မှ ၂၀၁၃ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ကျင်းပပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲသည် ၁၉ ကြိမ်မြောက်ကျင်းပသည့် လွှတ်တော်ရွေးကောက်ပွဲ ဖြစ်သည်။ ၁၉၈၉–၁၉၉၃ ခုနှစ်အထိ လွှတ်တော်ရွေးကောက်ပွဲများကို Block Vote (Plurality/ Majority) စနစ်ဖြင့် လည်းကောင်း၊ ၁၉၉၃–၂၀၁၃ ခုနှစ်အထိ လွှတ်တော်ရွေးကောက်ပွဲများကို လွှဲပြောင်း၍မရသောတစ်မဲတည်းပေးစနစ် (Single Non–transferable Vote System) ဖြင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် လွှတ်တော်ရွေးကောက်ပွဲများကို ပူးတွဲစနစ် (စနစ်ရော) Parallel (mixed) (Single Non–transferable Vote System and Proportional Representation Closed–list System) ဖြင့် လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်သော စာရင်းဖွင့် အချိုးကျကိုယ်စားပြုစနစ် (Open–list Proportional Representation System)သို့ ပြောင်းလဲပြင်ဆင်ခဲ့ပြီး ၂၀၁၆ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲများကို ပြင်ဆင်ထားသည့် ရွေးကောက်ပွဲကော်မရှင်ဥပဒေဖြင့် ကျင်းပခဲ့သည်။

ဒေသန္တရရွေးကောက်ပွဲများကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ မြူနီစီပယ်နှင့် ဒေသန္တရကောင်စီရွေးကောက်ပွဲများကို ၁၉၂၅ ခုနှစ်မှစ၍ စဉ်ဆက်မပြတ် ကျင်းပခဲ့ကြသည်။ ကောင်စီတစ်ခုစီတွင် အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းထားပြီး အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင်တစ်ဦး ပါဝင်ဖွဲ့စည်းရမည်။ မြို့နယ် ၁၀၀ ရှိသည့်အနက် ဒေသန္တရကောင်စီ ၃၅၅ ခုရှိသောမြို့နယ် ၈၂ ခုနှင့် ဒေသန္တရကောင်စီမရှိသည့် မြို့နယ် ၁၈ ခု ဟူ၍ ဖွဲ့စည်းထားပြီး မြို့နယ်နှင့် ဒေသန္တရကောင်စီ အဖွဲ့ဝင် စုစုပေါင်း ၁၈၃၈ ဦး ရှိသည်။ မြို့နယ်တစ်ခုစီအတွက် မြို့တော်ဝန်များကို တိုက်ရိုက်ခန့်အပ်နိုင်သည်။ ပြည်နယ် ၁၂ ခုတွင် မဲဆန္ဒနယ် ၁၅၈ နယ် ခွဲခြားသတ်မှတ်ထားပြီး ၈၅ ရာခိုင်နှုန်းအား ရွေးကောက်တင်မြှောက်၍ ၁၅ ရာခိုင်နှုန်းအား အစိုးရမှ ခန့်အပ်သည်။ ရွေးကောက်တင်မြှောက်ခံရသော ဒေသန္တရကောင်စီဝင် ၈၅ ရာခိုင်နှုန်း၌ အမျိုးသမီးကိုယ်စားလှယ် ၁၀ ရာခိုင်နှုန်းပါဝင်ရမည်ဖြစ်သည်။ ဂျော်ဒန်နိုင်ငံ၏ နောင်ကျင်းပမည့် ဒေသန္တရရွေးကောက်ပွဲကို ၂၀၂၁ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်သည်။

## အထက်လွှတ်တော် (Senate)

လွှတ်တော်ဥက္ကဋ္ဌအပါအဝင် အထက်လွှတ်တော်၏ အမတ်နေရာစုစုပေါင်းအရေအတွက်မှာ အောက်လွှတ်တော်ရှိ စုစုပေါင်းအမတ်နေရာ၏ တစ်ဝက်ထက် မကျော်လွန်စေရပါ။ အထက်လွှတ်တော်တွင် အမတ်နေရာ ၆၅ နေရာရှိပြီး ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်နှင့် နိုင်ငံရေးတာဝန်များ ရေရှည်ထမ်းဆောင်ဖူးသူများကို ဘုရင်မှ ရွေးချယ်ခန့်ထားနိုင်သည်။ အထက်လွှတ်တော်အမတ်များသည် အသက် ၄၀ နှစ် ပြည့်ပြီးသူဖြစ်ရမည့်အပြင် မည်သည့်နိုင်ငံရေးပါတီဝင်မဟုတ်သူဖြစ်ရမည်။ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖြစ် တာဝန်ထမ်းဆောင်နေသူနှင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ၊ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ဖူးသူ၊ အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ဖူးသူ၊ အယူခံတရားရုံးများတွင် တရားသူကြီးအဖြစ်နှင့် တရားမနှင့်ရှရီယာအယူခံတရားရုံးများ (Civil and Sharia Courts of Appeal)တွင် တရားသူကြီးများအဖြစ် တာဝန်ထမ်းဆောင်ဖူးသူ၊ တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီးနှင့်အထက် တာဝန်ထမ်းဆောင်ဖူးသူ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အနည်းဆုံး နှစ်ကြိမ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ၊ နိုင်ငံနှင့် လူမျိုးအကျိုးစီးပွား ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသူဖြစ်ရမည်။ အထက်လွှတ်တော်၏ သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး ဘုရင်မှ သက်တမ်းတိုးနိုင်သည်။ အောက်လွှတ်တော်အား ဖျက်သိမ်းလိုက်ပါက အထက်လွှတ်တော်၏လုပ်ငန်းဆောင်ရွက်မှုများသည်လည်း ခေတ္တရပ်ဆိုင်းထားရမည်ဖြစ်သည်။ အထွေထွေ မူဝါဒများနှင့်ပတ်သက်၍ အထက်လွှတ်တော်မှ အောက်လွှတ်တော်အား အကြံပြုနိုင်ပြီး ယင်းလွှတ်တော်နှစ်ရပ်သည် ဘုရင်၏ အာဏာကို အပြန်အလှန် ထိန်းကျောင်းနိုင်သည်။

## အောက်လွှတ်တော် (The House of Representatives)

ဂျော်ဒန်နိုင်ငံ၏ အောက်လွှတ်တော်ကိုယ်စားလှယ်များအား နိုင်ငံသားများမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်နိုင်ပြီး ကိုယ်စားလှယ်လောင်းများ၏ အသက်ကန့်သတ်ချက်မှာ ၃၀ နှစ်ဖြစ်သည်။ အောက်လွှတ်တော်၏ သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး ဘုရင်သည် အောက်လွှတ်တော်၏ သက်တမ်းကို အနည်းဆုံးတစ်နှစ်၊ အများဆုံးနှစ်နှစ်အထိ သက်တမ်းတိုးနိုင်သည်။ ၂၀၁၃ ခုနှစ်တွင် လွှတ်တော်ရွေးကောက်ပွဲများကို လွှဲပြောင်း၍မရသောတစ်မဲပေးစနစ် (Single Non–transferable Vote System)နှင့် စာမျက်နှာ ၁၁ သို့

❒ ဂျော်ဒန်နိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများနှင့် ဒေသန္တရရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။ ဂျော်ဒန်နိုင်ငံတွင် လွှတ်တော်နှစ်ရပ်ရှိပြီး အထက်လွှတ်တော်အား ဘုရင်မှတိုက်ရိုက်ခန့်အပ်၍ အောက်လွှတ်တော်အား PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ကြသည်။ လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ယင်းကော်မရှင်မှ ၂၀၁၃ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ် ကျင်းပပေးခဲ့သည်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနဒ္ဓပါလမွေရိပ်သာ(မြိတ်) ကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ သာသနဝ္ဓဝန်ဆောင်မြို့ဦးကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေဂူကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မစိုးရိမ်စာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်ရှိ ဓမ္မစေတီကျောင်းတိုက်၊ လားရှိုးမြို့နယ်ရှိ မြို့လယ်ပရိယတ္တိ စာသင်တိုက်နှင့် တောင်ကြီးမြို့နယ်ရှိ မြို့ဦးပရိယတ္တိ စာသင်တိုက်သို့လည်း ကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ / ဦးစီးဌာနများမှ တာဝန်ရှိသူများက မြစ်ကြီးနားမြို့နှင့် မန္တလေးမြို့တို့ရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းစဉ်။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် ဇန်နဝါရီ ၂၂ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ရှစ်မျိုး စုစုပေါင်း ၆၀၂၉ KG၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Paracetamol Tablet ၂၂၃၁၅ ခု၊ Sai V C (INJECTION) အခု ၁၀၄၀၊ Pai Gelus I Chewable Tablets ၆၄၆၅ ခု၊ Glucose Injection အခု ၉၇၃၂၀၊ Pai Smz Tablet အခု ၈၀၀တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ် (Closed-list Proportional Represen- tation System)တို့ကို ကျင့်သုံး၍ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် စာရင်းဖွင့်အချိုးကျ ကိုယ်စားပြုစနစ် (Open-list Propor- tional Representation System) ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ အမတ်နေရာ အရေအတွက်အား ယခင် ၁၅၀ မှ ၁၃၀ ထိ လျှော့ချခဲ့သည်။ ခရစ်ယာန်ဘာသာဝင်လူမျိုးစုအတွက် သုံးနေရာ၊ ချေချင်းနှင့် ဆာကာရှန် (Chechen and Circassian) လူမျိုးစုအတွက် ကိုးနေရာတို့အပါအဝင် အမတ်နေရာ ၁၁၅ နေရာအား PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီး ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၅ ဦးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများထဲမှ မဲအများဆုံးရရှိသူများအား ရွေးချယ်သည်။ ဂျော်ဒန်နိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သော (၁၉) ကြိမ်မြောက် လွှတ်တော်ရွေးကောက်ပွဲရလဒ်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အောက်လွှတ်တော်သည် အစိုးရအဖွဲ့မှ အဆိုပြုတင်ပြလာသော ဥပဒေများကို ထောက်ခံခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ပြုနိုင်သည့် အခွင့်အရေးရှိသည်။ သို့သော်ငြားလည်း အောက်လွှတ်တော်သည် ဥပဒေများကိုစတင်ရေးဆွဲနိုင်မှုမှာ အကန့်အသတ်ရှိပြီး အထက်လွှတ်တော်၏ သဘောတူညီချက်ရရှိမှသာလျှင် ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

### မဲပေးပိုင်ခွင့်ရှိသူများ

ဂျော်ဒန်နိုင်ငံတွင် မဲပေးပိုင်ခွင့်ရှိသူမှာ အသက် ၁၈ နှစ်ပြည့်ပြီးသူများဖြစ်ရမည်။ လူမွဲအဖြစ် သတ်မှတ်ကြေညာခြင်းခံရသူများ၊ စိတ်ပေါ့သွပ်နေသူများသည် မဲပေးပိုင်ခွင့်မရှိပါ။ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၊ နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် တာဝန်ထမ်းဆောင်နေချိန်အတွင်း မဲပေးပိုင်ခွင့်မရှိပါ။ မဲဆန္ဒရှင်များသည် မိမိနေထိုင်ရာမဲဆန္ဒနယ် သို့မဟုတ် ဖခင် သို့မဟုတ် အဘိုး မွေးဖွားရာဇာတိတွင်သာ မဲပေးခွင့်ရှိသည်။ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲစနစ်မရှိခြင်းနှင့် မဲရုံသို့ မဲဆန္ဒရှင်ကိုယ်တိုင်သွားရောက် မဲပေးရခြင်းတို့ကြောင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသောမဲဆန္ဒရှင်များသည် မဲပေးပိုင်ခွင့်မရှိပါ။

### မဲဆန္ဒရှင်စာရင်းပြုစုခြင်း

ဂျော်ဒန်နိုင်ငံတွင် မဲဆန္ဒရှင်စာရင်းများကို IEC ၏ညွှန်ကြားချက်အရ Civil Status Department (CSD) က ပြုစုရသည်။ မဲဆန္ဒရှင်စာရင်းများကို ရွေးကောက်ပွဲကော်မရှင်၏ ပြဋ္ဌာန်းချက်များနှင့်အညီ မဲဆန္ဒနယ်အလိုက်ပြုစု၍ ထုတ်ပြန်ကြေညာပြီး မဲဆန္ဒရှင်ပြည်သူများသည် မဲဆန္ဒရှင်စာရင်းကို အွန်လိုင်းမှလည်းကြည့်ရှုနိုင်သည်။ မဲဆန္ဒရှင်သည် မိမိကိုယ်တိုင် သို့မဟုတ် အခြားမဲဆန္ဒရှင်တစ်ဦးဦးအား ကန့်ကွက်ခြင်းများပြုလုပ်နိုင်သည်။ မဲစာရင်းတွင် မိမိအမည်မပါဝင်ခြင်း၊ အချက်အလက်မှားယွင်းခြင်း၊ နေရပ်လိပ်စာပြင်ဆင်ခြင်းတို့ကို မဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ဆောင်ရွက်နိုင်သည်။ မဲစာရင်းတွင် ပါဝင်သည့် မည်သည့်မဲဆန္ဒရှင်မဆို မိမိမဲဆန္ဒနယ်အတွင်းရှိ အခြားမဲဆန္ဒရှင်တစ်ဦးဦးကို ကန့်ကွက်လိုပါက မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာသည့်နေ့မှစ၍ ခုနစ်ရက်ထက် နောက်မကျစေဘဲ ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

### မဲဆန္ဒနယ်သတ်မှတ်ခြင်း

လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် မဲဆန္ဒနယ်တစ်ခုစီကို လူဦးရေအပေါ်အခြေမခံဘဲ အုပ်ချုပ်ရေးနယ်နိမိတ်ပေါ်မူတည်၍ သတ်မှတ်ထားခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲစနစ်ပြောင်းလဲခဲ့ပြီး မဲဆန္ဒနယ် ၂၃ နယ် ခွဲခြားသတ်မှတ်ခဲ့ရာ Amman ပြည်နယ်တွင် ငါးနယ်၊ Irbid ပြည်နယ်တွင် လေးနယ်၊ Zarqa ပြည်နယ်တွင် နှစ်နယ်၊ ကျန်ပြည်နယ်ကိုးခုတွင် တစ်နယ်စီနှင့် Badia ပြည်နယ်တွင် သုံးနယ် စသည်ဖြင့် ခွဲခြားသတ်မှတ်ထားသည်။ ပါတီများမှ မဲဆန္ဒနယ်တစ်နယ်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးတင်သွင်းခွင့်ရှိပြီး မဲဆန္ဒနယ်တစ်ခုစီအတွက် သတ်မှတ်အရေအတွက်ထက် ကျော်လွန်၍ တင်သွင်းခွင့် မရှိပါ။

### ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း

မဲစာရင်းတွင်ပါဝင်၍ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၃၀ နှစ်ပြည့်ပြီးသူဖြစ်ပြီး အနည်းဆုံး ၁၀ နှစ် ဂျော်ဒန်နိုင်ငံတွင် အခြေချနေထိုင်သူများသည် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းအား ခရိုင်ရွေးကောက်ပွဲကော်မတီ (District Election Committee – DEC)တွင် တင်သွင်းရပြီး နိုင်ငံတော် ဘဏ္ဍာအခွန်ငွေအဖြစ် ၅၀၀ ဒီနာ (dinar) (USD ၇၀၂.၂၂) ပေးသွင်းရမည်ဖြစ်သည်။ လူမွဲအဖြစ် သတ်မှတ်ကြေညာထားခြင်းခံရသူများ၊ နိုင်ငံရေးပြစ်မှု မဟုတ်ဘဲ တစ်နှစ်ထက်ပို၍ ထောင်ဒဏ်ကျခံနေရသူနှင့် လွတ်ငြိမ်းချမ်းသာခွင့်မရရှိသေးသူ၊ စိတ်ပေါ့သွပ်နေသူများ၊ အထူးဥပဒေပြဋ္ဌာန်းချက်အရ ဘုရင်နှင့် ဆွေမျိုးတော်စပ်သူများ၊ အစိုးရဝန်ထမ်းများ၊ အစိုးရပိုင် သို့မဟုတ် အစိုးရမှ ထိန်းချုပ်ထားသောကုမ္ပဏီ၊ အဖွဲ့အစည်းများမှဝန်ထမ်းများ (ခြွင်းချက်အနေဖြင့် အစိုးရပိုင်မြေ သို့မဟုတ် အစိုးရပိုင်အဆောက်အဦပေါ်တွင်ရှိသော ပုဂ္ဂလိကပိုင်ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများမပါဝင်ပါ)သည် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပါ။ ထို့ပြင် ဝန်ကြီးများ၊ အစိုးရဝန်ထမ်းများ၊ မြို့တော်ဝန်များ၊ ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုပါက ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံးရက်ပေါင်း ၆၀ အတွင်း လက်ရှိရာထူးတာဝန်မှ နုတ်ထွက်ရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*




(၁၉) ကြိမ်မြောက် လွှတ်တော်ရွေးကောက်ပွဲရလဒ်အခြေအနေပြပုံ။

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဂျော်ဒန်နိုင်ငံ)

ယန်ယန်

*(ယမန်နေ့မှ အဆက်)*

**မဲဆွယ်စည်းရုံးခြင်း**

မဲဆွယ်စည်းရုံးခွင့်ကာလကို လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာသည့်နေ့မှစ၍ ရွေးကောက်ပွဲမကျင်းပမီရက်အထိ သတ်မှတ်ထားသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာသည့် နေ့ရက်သည် အောက်တိုဘာလ ၆ ရက်ဖြစ်သဖြင့် မဲဆွယ်စည်းရုံးရေးကာလမှာ အောက်တိုဘာလ ၆ ရက်မှ နိုဝင်ဘာလ ၉ ရက်အထိ ရက်ပေါင်း ၃၂ ရက်ဖြစ်သည်။ စည်းရုံးရေးကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာခြင်း၊ တိုင်းပြည်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများကြား ခွဲခြားဆက်ဆံခြင်း မပြုလုပ်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရသည်။ အစိုးရရုံးဌာနများ၊ အများပြည်သူနှင့် သက်ဆိုင်သော အဆောက်အအုံများ၊ ကျောင်းများ စသည်တို့တွင် မဲဆွယ်စည်းရုံးခြင်း မပြုလုပ်ရန် တားမြစ်ထားသည်။ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၊ နိုင်ငံခြားအစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုခုတို့မှ ငွေကြေးလက်ခံခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ လက်ခံခြင်းများကိုလည်း တားမြစ်ထားသည်။ ထိုသို့သော တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ပါက ထောင်ဒဏ်အနည်းဆုံး သုံးလမှ အများဆုံးတစ်နှစ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ၂၀၀ ဒီနာ(၂၈၂.၀၉ USD)မှ အများဆုံး ၅၀၀ ဒီနာ(၇၀၂.၂၂ USD) ဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**ရွေးကောက်ပွဲနေ့**

မဲရုံများကို ပုံမှန်အားဖြင့် နံနက် ၇ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်- ၁၉ ဒုတိယလှိုင်းဖြစ်ပွားချိန်ဖြစ်သဖြင့် မဲပေးမှုရာခိုင်နှုန်းနည်းသည့်အတွက် IEC သည် မဲရုံဖွင့်ချိန် နှစ်နာရီတိုးမြှင့်ဖွင့်လှစ်၍ ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်သည် မဲရုံသို့ မဲပေးသွားရာတွင် မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို မဖြစ်မနေ ယူဆောင်သွားရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းပါရှိသည့် မဲလက်မှတ်ရရှိသည့်အခါ မိမိနှစ်သက်သည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ဆန္ဒပြုနိုင်သည်။ ဆန္ဒပြုပြီး၍ ဘယ်ဘက်လက်ညှိုးတွင် မင်တို့ပြီးနောက် မဲရုံတာဝန်ရှိသူက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြန်လည်ပေးပြီးသည့်အခါ မဲပေးခြင်းလုပ်ငန်းပြီးဆုံးသည်။ မဲရုံပိတ်ပြီးနောက် သို့မဟုတ် မဲဆန္ဒရှင်အားလုံးမဲပေးပြီးပါက မဲရုံတာဝန်ရှိသူများက မဲရေတွက်ခြင်းလုပ်ငန်းဆောင်ရွက်၍ မဲရလဒ်များကို ခရိုင်ရွေးကောက်ပွဲကော်မတီ (District Election Committee – DEC) သို့ ပေးပို့ရသည်။ DEC မှသက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ပေးပို့လာသည့် ရလဒ်များကို IEC က စုစည်းပြီး လက်မှတ်ရေးထိုး၍ ကြေညာရသည်။ ဆန္ဒမဲများရေတွက်ရာ၌ စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ်တွင် ရရှိလာသည့် ကိုယ်စားလှယ်နေရာများအား အညီအမျှခွဲဝေရန် Largest Reminder စနစ်ကို အသုံးပြုသည်။

Largest Reminder စနစ်သည် ရရှိထားသည့် ဆန္ဒမဲများကို အမတ်နေရာအဖြစ် ပြောင်းလဲရာတွင်သုံးသည့် နည်းနာတစ်ခုဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ်တစ်ခုတွင် ပါတီများနှင့် အဖွဲ့အစည်းများအနေဖြင့် မဲဝေစုအပြည့်အဝရရှိပြီးဖြစ်သဖြင့် အမတ်နေရာခွဲဝေပြီးနောက် ကျန်ရှိနေသည့်အမတ်နေရာအား ရာခိုင်နှုန်းအများဆုံးမှ အနည်းဆုံးအလိုက် သတ်မှတ်ထားသည့် အမတ်နေရာပြည့်သည်အထိ ခွဲဝေပေးသည်။

**လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်**
**(Independent Election Commission – IEC)**

ဂျော်ဒန်နိုင်ငံ၏ လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်လေးဦး စုစုပေါင်း ငါးဦးဖြင့် ဖွဲ့စည်းထားပါသည်။ လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ဥက္ကဋ္ဌများ၊ တရားရေးကောင်စီဥက္ကဋ္ဌတို့က အဖွဲ့ဝင်များအဖြစ် ပါဝင်သော ကော်မတီတစ်ခုမှ အမည်စာရင်းကို ဘုရင်ထံသို့ တင်သွင်းပြီး ဘုရင်မှ ခန့်အပ်နိုင်သည်။ ကော်မရှင်၏ သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး လိုအပ်ပါက ဘုရင်က သက်တမ်းတိုး ဆောင်ရွက်စေနိုင်သည်။ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဂျော်ဒန်နိုင်ငံတွင် အနည်းဆုံး ၁၀ နှစ် အခြေချ နေထိုင်သူဖြစ်ပြီး နိုင်ငံသားဖြစ်ခွင့်ရှိသူ၊ ဘွဲ့ရရှိသူ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ၊ အသက် ၄၀ နှစ်ပြည့်ပြီးသူ၊ လုပ်ငန်းကျွမ်းကျင်မှုရှိပြီး အတွေ့အကြုံ ရင့်ကျက်သူ၊ သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အများယုံကြည်လေးစားသူ၊ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုဖြင့် တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခြင်းမခံရသူ၊ နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

ယခုလက်ရှိ IEC ကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော်လည်း ရန်ပုံငွေအား နိုင်ငံတော်မှ ရယူသုံးစွဲသည်။ အုပ်ချုပ်ရေးဌာနငါးခုဖြင့် ဖွဲ့စည်းထားပြီး ယင်းအောက်တွင် ခရိုင် ရွေးကောက်ပွဲကော်မတီ ၂၃ ခုနှင့် ဌာနခွဲ ၄၄ ခုတို့ဖြင့် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခြင်းစင်တာ ၁၄၈၃ ခုအတွင်း တည်ရှိသည့် သက်ဆိုင်ရာမဲရုံ အသီးသီးအား စီမံခန့်ခွဲနိုင်ရန် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းကော်မတီ ၈၀၆၁ ခုအထိ တိုးမြှင့်ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သည်။ IEC သည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများနှင့် အခြား အထွေထွေရွေးကောက်ပွဲများကို ကျင်းပပေးရပြီး ၂၀၁၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ကော်မရှင်သည် ၂၀၁၃ ခုနှစ်၊ ၂၀၁၆ ခုနှစ် နှင့် ၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

IEC ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ-

(က) ကော်မရှင်၏ အထွေထွေမူဝါဒကို ချမှတ်ဆောင်ရွက်ခြင်း၊
(ခ) ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်သတ်မှတ်ခြင်း၊
(ဂ) တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သောအချိန်၊ အစီအမံနှင့် စီမံချက်များအား ချမှတ်ဆောင်ရွက်ခြင်း၊
(ဃ) မဲဆန္ဒရှင်စာရင်းနှင့် ကိုယ်စားလှယ်လောင်း အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်း၊
(င) ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ခြင်း၊
(စ) ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မဲပေးချိန်ကာလအား တိုးချဲ့နိုင်ခြင်း၊
(ဆ) ရွေးကောက်ပွဲဖြစ်စဉ် တစ်ခုချင်းစီအတွက် နောက်ဆုံးအစီရင်ခံစာအား ထုတ်ပြန်၍ ဘုရင်ထံတင်ပြပြီး နိုင်ငံတော် ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်း၊
(ဇ) ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ကြေညာခြင်း စသည်တို့ဖြစ်သည်။

**(၁၉) ကြိမ်မြောက်လွှတ်တော်ရွေးကောက်ပွဲ**

ဂျော်ဒန်နိုင်ငံသည် ၁၉၄၆ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၂၉ ခုနှစ်မှစ၍ အထွေထွေရွေးကောက်ပွဲများ ကျင်းပလာရာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် (၁၉) ကြိမ်မြောက် ဖြစ်သည်။ ယင်းရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ဦးရေ ၄၆၄၀၆၄၃ ဦးရှိသည့်အနက် မဲဆန္ဒရှင် ၁၃၈၇၇၁၁ ဦး မဲပေးခဲ့ရာ မဲပေးမှုရာခိုင်နှုန်းမှာ ၂၉ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်။ အောက်လွှတ်တော်အတွက် မဲဆန္ဒနယ် ၂၃ နယ်တွင် အမတ်နေရာ ၁၃၀ ရှိသည့်အနက် အမျိုးသမီးကိုယ်စားလှယ်အတွက် ၁၅ နေရာ၊ ခရစ်ယာန်ဘာသာဝင်လူမျိုးစုအတွက် သုံးနေရာနှင့် ချေချင်းနှင့် ဆာကာရှန်လူမျိုးစုအတွက် ကိုးနေရာတို့ ရွေးချယ်ခံကြရသည်။ အမတ် ၁၁၅ နေရာအတွက် စာရင်းဖွင့် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ကြပြီး ကျန်ရှိနေသည့် အမတ် ၁၅ နေရာကို ပြည်နယ် ၁၂ ခုနှင့် Badia မဲဆန္ဒနယ် သုံးခုတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်းများထဲမှ မဲအများဆုံးရရှိသူများအား ရွေးချယ်ကြသည်။ (၁၉) ကြိမ်မြောက် လွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း ၁၆၇၄ ဦးရှိပြီး ယင်းတို့အနက် ၃၆၀ မှာ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်းများ ဖြစ်ကြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ**

ဂျော်ဒန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်ခြင်းများလည်း အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅ အရ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်၏ သဘောတူညီချက်နှင့်အညီ ထပ်မံပြင်ဆင်ထားခြင်းဖြစ်သည်။ အခြေခံဥပဒေပုဒ်မ ၇၃ အရ အောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ပါက လွှတ်တော်သစ်တစ်ရပ်အတွက် အထွေထွေရွေးကောက်ပွဲကို အများဆုံး လေးလအတွင်း ကျင်းပပေးရမည်ဖြစ်ပြီး အကယ်၍ မကျင်းပနိုင်ပါက လက်ရှိလွှတ်တော်သည်သာ ဆက်လက်တည်မြဲနေမည် ဖြစ်သည်။

**နိဂုံး**

ဂျော်ဒန်နိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်ပွားချိန်အတွင်း ဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ယခင်က Block Vote၊ SNTV၊ Parallel (mixed) စသည့် ရွေးကောက်ပွဲစနစ်များစွာဖြင့် ရွေးကောက်ပွဲများကို ကျင်းပခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် Proportional Representation (PR) စနစ်ပြောင်းလဲခဲ့သည်။ ၂၀၁၆ ခုနှစ် အထွေထွေရွေးကောက်ပွဲမှစ၍ PR စနစ်ဖြင့် စတင်ခြေလှမ်းခဲ့၍ ကနဦးတွင် ပါတီငယ်များအတွက် တိုးတက်မှုနှေးကွေးခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတစွာဖြင့် ကျင်းပနိုင်ခဲ့ကြောင်း နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများက အသိအမှတ်ပြု၍ သုံးသပ်တင်ပြထားသည်။ ဤကဲ့သို့ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲစနစ်များ ပိုမိုကျယ်ပြန့်စွာ သိရှိလာနိုင်စေရန် ရည်ရွယ်၍ ဂျော်ဒန်နိုင်ငံ၏ ရွေးကောက်ပွဲစနစ်များနှင့် ရွေးကောက်ပွဲများအကြောင်းအား လေ့လာရေးသားဖော်ပြလိုက်ရပါသည်။ ။

❑ **ဂျော်ဒန်နိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်ပွားချိန်အတွင်း ဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ယခင်က Block Vote၊ SNTV၊ Parallel(mixed) စသည့် ရွေးကောက်ပွဲစနစ်များစွာဖြင့် ရွေးကောက်ပွဲများကို ကျင်းပခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် Proportional Representation (PR)စနစ် ပြောင်းလဲခဲ့သည်။ ၂၀၁၆ ခုနှစ် အထွေထွေရွေးကောက်ပွဲမှစ၍ PR စနစ်ဖြင့် စတင်ခြေလှမ်းခဲ့၍ ကနဦးတွင် ပါတီငယ်များအတွက် တိုးတက်မှုနှေးကွေးခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတစွာဖြင့် ကျင်းပနိုင်ခဲ့ကြောင်း နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများက အသိအမှတ်ပြု၍ သုံးသပ်တင်ပြထားသည်**


**ကျမ်းကိုး**

- Jordan's Constitution of 1952 with Amendments through 2016
- https://en.wikipedia.org/wiki/Jordan
- https://en.wikipedia.org/wiki/Elections_in_Jordan
- https://en.wikipedia.org/wiki/2020_Jordanian_general_election#Electoral_system
- https://en.wikipedia.org/wiki/2017_Jordanian_local_elections
- https://ipcongress.org/wp-content/uploads/2021/08/JORDAN-ELECTION-REPORT.pdf
- https://www.idea.int/sites/default/files/what-pandemic-parliamentary-elections-in-jordan-at-any-price-en.pdf
- https://www.ifes.org/sites/default/files/2016_ifes_jordan_parliamentary_elections_faqs.pdf